# ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄။]
(၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။)
[ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ရန်အက်ဥပဒေ။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်တစ်ကြိမ်ရွေးကောက် တင်မြှောက်သည့် ပြည်သူ့လွှတ်တော်မှ အမည်တင်သွင်းသောပုဂ္ဂိုလ်အား၊ နိုင်ငံတော်သမ္မတက၊ ဝန်ကြီးချုပ်ခန့်ထားသည့် နေ့ရက်တိုင်အောင် အာဏာတည်နေစေရမည်။

(၃) ဤအက်ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသည့်အခါ၊ မြန်မာနိုင်ငံတော်ယေဘုယျ စကားရပ် အက်ဥပဒေပါ ပုဒ်မ ၅ ရှိ ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်စေရမည်။

၂။ ။ ဤအက်ဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၁၆ ပါ ပြဋ္ဌာန်းချက်များကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်။
(၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။)

အမိန့်အရ

ပါမိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်၊

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ မတ်လ (၇) ရက်၊ စာမျက်နှာ - ၃၇၉။